ရွှေပဒေသာစာပေ

# ကြယ်စင်မှူးမေ

## ညာဘက်ပါးလေး ညာမွှေးသွားတဲ့ ရိုး



(အချစ်လုံးချင်းဝတ္ထုသစ်)

# အခန်း(၁)

ရွှေယွန်းမှီ။

စျေးသွားရတိုင်း ခြေလှမ်းတွေကို အမြန်နှုန်းနှင့်သုတ်ခြေတင်ရလွန်းလို့ လူလည်း အပြေးချန်ပီယံဖြစ်တော့မည်။

သူမတို့ လမ်းထဲမှာ သူပုန်တပ်ကြီး(၂)တပ်ကို ဖြတ်ကျော်နေရသည်ကြောင့်ပါ။

တစ်တပ်က လူစည်းကားလှသည့် ကာလသားများ စတည်းချသည့် Tea shop စင်တာတစ်ခု။ နောက်တစ်တပ်က ကားတွေအဝင်အထွက် ကားရေဆေး၊ ကားဆီဖြည့်စသည့် လုပ်ငန်းကြီးရှိသည့် ကားဝပ်ရှော့၊ ကားဆီရောင်းသည့်နေရာ။

တကယ့်ကို ကာလသားများ များမှ များ ။ ဒီကြားထဲ မပြင်မဆင်နှင့်ဖြစ်သလိုနေတတ်သည့် ရွှေယွန်းမှီကို လိုက်လိုက်ပြီး စကားပြောကြ၊ နှောင့်ယှက်ကြတာက တစ်နေ့ကို (၂)ယောက်၊ (၃)ယောက် ။

မပြုမပြင်သည့်ကြားထဲမှာ ပင် ရွှေယွန်းမှီဆိုသည့် မိန်းကလေးဟာ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်နှင့် အသားအရေက အပြစ်ဆိုစရာမရှိ။ မျက်နှာပေါက်လှလှလေးမှာ မျက်ခုံးလှလှ၊ မျက်လုံးလှလှနှင့် နှာတံလေး၊ နှုတ်ခမ်းလေးများကလည်း ဘာဘာဝအလှ။ တကယ့်ကို ဘယ်

ပန်းချီရေးလို့ မမီ။

ဒီအလှတွေကို ရွှေယွန်းမှီ ဖော်ဖို့ နေနေသာသာ၊ အမြဲတမ်း လျစ်လျူရှုကာ ထားစမြဲ။

သူမက သူဌေးကြီးဦးကျော်ခေါင်ရဲ့ သမီးဆိုပေမဲ့ ကျွန်သမီး။ ကျွန်က မွေးတဲ့ သမီးမို့ သပေါက်မလေး။

ကျေးပိုင်၊ ကျွန်ပိုင်ခေတ်တွေ ဘယ်လိုပင်ကုန်ဆုံးကုန်ဆုံး ဒီအိမ်မှာတော့ မကုန်ဆုံးနိုင်ခဲ့။

"ချစ်စံအိမ်" ဆိုသည့် စံအိမ်ကြီးထဲတွင် သူဌေးကြီးဦးကျော်ခေါင်။ စီးပွားတွေပျက် ၊ စိတ်ဓာတ်တွေကျ၊ လေဖြတ်ရောဂါ ခံစားရပါပြီဆိုမှတော့ ..

အရင်းလဲ အဖျားထင်းဖြစ် ... ဆိုသလို ရွှေယွန်းမှီတို့ သားအမိ အိမ်နိမ့်စံဘဝ ရောက်ခဲ့ရတာမဆန်း။

ဖေဖေကျွန်းမာစဉ်ကတော့ မေမေကျော့ကေခိုင်နှင့် သမီးလေး ရွှေယွန်းမှီရဲ့ ဘဝဟာ ဒီလောက်အခြေအနေမဆိုး။

မေမေကြီး ဒေါ်ခင်ခင်သူနှင့် သား၊ သမီး(၂)ယောက် ဘယ်လောက်ပင် မျက်နှာကြောတင်းတင်း ရွှေယွန်းမှီဟာလည်း သူဌေးသမီးပီပီ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်ခဲ့ရပါသည် ။ ဒရိုင်ဘာနှင့်ပေ့ါ။

အဲ ... သူမ(၁၀)တန်းအောင်ပြီး တက္ကသိုလ်(၂)နှစ်ပင် တက်ရသေး။ ဖေဖေကစီးပွားရေးတွေ ခွက်ခွက်လန်အောင် ထိုးကျသွားပြီး စိတ်ထောင်းကိုယ်ကြေဖြစ်ကာ လေပါဖြတ်သွားခဲ့သဖြင့် ရွှေယွန်းမှီ ချက်ချင်းပင် ကျောင်းထွက်လိုက်ရသည့် အဖြစ်။

တကယ်ကတော့ မေမေကြီး ယုတ်မာတာပါ။ သူက ရွှေယွန်းမှီကို

ဘွဲ့လေးတစ်ခုတောင် ရသွား၊ လူရာဝင်သွားမှာ ကို စိုးတာ။ ရွှေယွန်းမှီကို သူ့အိမ်မီးဖိုထဲမှာ ထည့်ပြီး တစ်သက်လုံး ခိုင်းစားချင်နေတာ။

လမင်းကို လက်ဝါးနှင့်အုပ်ထားလို့ မရနိုင်ပေမဲ့ လောလောဆယ် မေမေကြီးဟာ ရွှေယွန်းမှီကို လက်ဝါးနှင့်အုပ်ထားခဲ့သည် ။

ရွှေယွန်းမှီညံ့လို့ မဟုတ်ပေမဲ့ အခြေအနေအရ ဖေဖေ့ကိုပြုစုဖို့ နှင့် မီးဖိုထဲမှ မထွက်ရသည့် မေမေ့ကိုကူညီဖို့ ။ သူမကိုယ့်ဘဝကိုယ် ခေတ္တစ တေးထားလိုက်ပါသည် ။

ယခုလည်း ဈေးကိုအမြန်သွားဖို့ ဘတ်(စ်)စောင့်နေဆဲ သူမအနားသို့ ကောင်လေး(၂)ယောက် ကပ်လာခဲ့သည် ။ ရွှေယွန်းမှီ မျက်နှာလေးကို အတင်းမာထားလိုက်ပြီး ဘတ်(စ်)မျှော်နေခိုက် အနားမှ ကောင်လေးနှစ်ယောက်က -

"သူဌေးသမီးချင်းအတူတူ ယွန်းကိုကျမှ ဘာဖြစ်လို့ ဖိနှိပ်ထားရတာလဲ"

သူမ စကားပြန်မဖြေ။ ဒါ စကားလက်ဆုံကျချင်လို့ ၊ ရောချင်လို့ အကြောင်းရှာတာ။

"မတရားဘူး။ ဒါ ... လူ့အခွင့်အရေး ချိုးဖောက်တာပဲ။ သူတို့ ကျတော့ ကားတဝီဝီစီးပြီး လမ်းသလားနေကြတယ်။ ယွန်းကျတော့ ဘတ်(စ်)တိုးစီးနေရတယ်။ အိမ်အလုပ်တွေ လုပ်နေရတယ်"

"ကိုယ်မကြည့်ရက်ဘူးကွာ။ ကိုယ်က သူဌေးသားမဟုတ်ပေမဲ့ တစ်ဦးတည်းသောသားပါ။ ယွန်းကို ရွှေပေါ်မြတင် ထားပါ့မယ် ။ ကိုယ့်အချစ်ကို လက်ခံပါနော်"

ဒီဘူတာဆိုက်တော့မည်မှန်း သိနေလို့ လှည့်မကြည့်ပေမဲ့ သူက ရွှေ

ယွန်းမှီရဲ့ ဆွဲခြင်းကို အတင်းဆွဲကိုင်လာလျှင် သူမစိတ်ညစ်ရသည် ။

"ကျွန်မ ဘာမှ မတွေးအားဘူး။ ကျွန်မခေါင်းထဲမှာ ဖေဖေနဲ့ မေမေပဲ ရှိတယ်။ ရှင်မနှောင့်ယှက်ပါနဲ့ "

"ယွန်းကလည်း ... လူဆိုတာသီးချိန်းတန်သီး၊ ပွင့်ချိန်တန်ပွင့်ရတယ်လေ။ မသီးရင် မပွင့်ရင် ယွန်းကိုလူတွေက အမြုံကြီးလို့ ခေါ်ကြမှာပေါ့"

"ဟား ဟား ဟား ဟား"

ထိုသူ့ရုပ်က ပြောင်စပ်စပ်ဖြစ် လာပြီး သူ့အဖော်က ဟားတိုက်ရယ်လျှင် ရွှေယွန်းမှီ အရှက်တွေနှင့်ပြာသွားရပြီ။ ရှေ့သို့ ခပ်သုတ်သုတ်ထွက်ပြေးတော့သည် ။

သူမရဲ့ နောက်မှာ တော့ တဟားဟားရယ်သံများ ။ ဒီလူတွေဟာ ဘယ်လိုလူတွေလဲ။ မိမဆုံးမ ဖမဆုံးမတွေလား။ မိန်းကလေးတွေကို ဘာဖြစ်လို့ လိုက်ပြီးနှောင့်ယှက်နေရတာလဲ။

သည် စဉ် နောက်ဘက်မှ သူမရဲ့ ဆွဲခြင်းကို ဆတ်ခနဲဆွဲထားမှုကြောင့် ရွှေယွန်းမှီ လန့်ပြီး ပြန်ကြည့်မိလိုက်လျှင် သူမတစ်ခါမှ မမြင်ဖူးသည့် လူတစ်ယောက်ကို တွေ့လိုက်ရသည် ။

မော်ဒယ်တစ်ယောက်လို အရပ်ရှည်ရှည်၊ ခပ်ဖြောင့်ဖြောင့်နှင့်လူ။ အဲ ... သူမထက်တော့ အသက်ကြီးလေမလား။

ရုပ်ကလည်း ခပ်ချောချော။ ချောတာထက် တည်တည်ကြည်ကြည်။ ယောကျ်ားပီသတာက ပိုမည်။ လူက တိုင်းရင်းသားလားမသိ။

မျက်ခုံးမျက်လုံး စူးရှတောက်ပပြီး နှုတ်ခမ်းပိပိရိရိနှင့် နှာတံက အထူးကြည့်ကောင်းနေသလို မျက်နှာကျအဆင်ပြေပြေမှာ အမွေးအမှ င်

တွေရိုက်ထားပုံကြောင့် စိမ်းဖန့်ဖန့်။ ဆံပင်က ပြိုင်မြင်းတစ်ကောင်လို ခပ်လှလှ။

"ကိုယ့်ဥပမိက ယုံကြည်လောက်ရဲ့ လား"

"ရှင်ကရော ကျွန်မကိုလိုက်ရှုပ်တာပဲလား'

"နိုး နိုး နိုး ... ကိုယ်ဒီဝပ်ရှော့ကိုရောက်တာ နှစ်ပတ်ပဲရှိပါသေးတယ်၊ မင်းမှာ နေ့တိုင်း အနှောင့်အယှက်တွေမြင်လို့ လိုက်ပြီးကာကွယ်ပေးချင်လို့ ပါ"

"ရှင်က အလုပ်တွေသိပ်အားနေတယ်ပေါ့လေ"

ရွှေယွန်းမှီ ဒေါသတွေပေါက်ကွဲနေတာပါ။ အဖြစ်သနစ်တွေအားလုံးကို မကျေနပ်ရသည့် ကြားထဲမှာ သူက သဘောကောင်းပုံရပြီး တစ်ယောက်တည်းဆိုတော့ ရွှေယွန်းမှီရန်လုပ်ရပါသည် ။

သူက ပြုံးသည် ဆိုရုံလေးပြုံးပြီး -

"ကိုယ့်နာမည် စပ်အိုက်ခွန်းပါ ... တောင်ပေါ်က ဆင်းလာတဲ့ ရှမ်းလေးပါ။ ကိုယ့်ဇာတိက ကျောက်မဲ"

"ဘာတွေလာပြောနေတာလဲ"

"ကိုယ့် ဘိုင်အိုဂရပ်ဖီပါ ... မန္တလေးနည်းပညာတက္ကသိုလ်ကဘွဲ့ရပြီး ဦးလေးရဲ့ ဝပ်ရှော့မှာ အလုပ်ဝင်နေတာ"

"အဲဒါ ဘာဖြစ်လဲ။ ကိုယ့်ဘဝနဲ့ ကိုယ်တောင် စိတ်ညစ်လွန်းလို့ ။ ဘယ်သူ့ဘဝမှ မသိချင်ဘူး"

ရွှေယွန်းမှီမှာ (၁)မှတ်တိုင်လောက်ပဲရှိသည့် ခရီးမို့ ကားတွေလည်း

အဆင်မပြေသည့်အတူတူ ခြေလျင်လျှောက်သွားနေမိတာ။ ဈေးက မဝေးလှဘူးလေ။ အပြန်ကျရင်တော့ ဈေးခြင်းကလေးမှာ မို့ တစ်ခုခုစီးရမှာ ။

"ဘာပဲဖြစ်ဖြစ် ရွှေယွန်းမှီမှာ ဒုက္ခတွေအမြဲတွေ့နေရလို့ ကိုယ်ကူညီပေးချင်တယ်လေ။ မနက်ပိုင်း ယွန်းကိုဈေးလိုက်ပို့ရုံလောက်တော့ ဦးလေးကခွင့်ပြုပါတယ်။ ကိုယ်က သူများ တွေလိုလက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ဖြုန်းတတ်သူမှ မဟုတ်တာ"

"ရှင် တော်တော်ရူးတာပဲ"

"ခင်ဗျာ"

"ရှင့်ကို ကျွန်မခုမှ မြင်ဖူးတာလေ။ သွေးမတော်သားမစပ်နဲ့ လူတစ်ယောက်ရဲ့ စောင့်ရှောက်မှုကို ခံယူရအောင် ကျွန်မမရူးသေးဘူး"

"ဟောဗျာ ... ကိုယ်ကတော့ စေတနာနဲ့ ကာကွယ်ပေးချင်လို့ ပါ"

"ရှင် ဒီလိုပဲမိန်းကလေးတိုင်းကို ကာကွယ်ပေးနေကျလား"

"ဒီလိုတော့ မဟုတ်ဘူး ပေါ့ဗျာ။ ကျွန်တော်ရောက်တဲ့ (၁၄)ရက်လုံးလုံး ခင်ဗျား ခွေးပြေး၊ ဝက်ပြေး ပြေးနေတာမြင်ရတော့ သမိုင်းပေးတာဝန်တစ်ရပ်လို ကျွန်တော်ခံယူမိသွားတယ်။ ကျွန်တော့်နှမလေးတစ်ယောက်လိုပေါ့ဗျာ"

"သေချာရဲ့ လား"

"ဗျာ ... ဘာကိုလဲ"

"နှမတစ်ယောက်လိုဆိုတာလေ"

"ခုထိတော့ သေချာတာပဲ။ နောက်တော့ မပြောတတ်ဘူး"

မရည်ရွယ်ပါဘဲနှင့် စကားတပြောပြော သွားမိလိုက်သည့်အခါ ခါတိုင်းနှောင့်ယှက်နေကျလူတွေ တောက်ခေါက်ဘုကြည့်ကြည့်သွားကြတာ ရွှေယွန်းမှီ မျက်လုံးထောင့်မှ မြင်လိုက်ရ၏။

"တွေ့လား ... ရှင်အလကားနေရင်း ရန်သူတော်တွေများကုန်ပြီ။ တော်ကြာ ... ရှင့်ကိုရန်ရှာကြလိမ့်မယ်"

"ရပါတယ်၊ ကျွန်တော်က ညဘက်တွေဘာတွေလည်း အပြင်ထွက်လေ့မရှိဘူး။ ပြီးတော့ ... ရှမ်းရိုးရာ၊ ပအို့ရိုးရာသိုင်းတွေလည်း တတ်ပါတယ်။ ကရာတေးလည်း ဆော့တယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်မအလကားနေရင်း လူတစ်ယောက်ကို အသုံးမချချင်ပါဘူး။ ပြီးတော့ ... ရှင့်ကိုကျွန်မမသိဘူးလေ။ ကိုယ်မသိတဲ့လူတစ်ယောက်ကို အကူအညီ မတောင်းချင်ပါဘူး"

"ရွှေယွန်းမှီက အကူအညီတောင်းတာမှ မဟုတ်ဘဲ ကျွန်တော်က ကူညီချင်တာပါ။ ဒါထက် ... ယွန်းဒီလိုအနှောင့်အယှက်ခံနေရတာတွေ အိမ်ကိုပြန်မပြောဘူးလား၊ ရပ်ကွက်လူကြီး မတိုင်ဘူးလား"

သူပြောတာ နည်းလမ်းကျပါသည် ။ သို့သော် ကိုယ်ကလည်း ကိုယ့်အကြောင်းနဲ့ ကိုယ်။

"ကြွားတာတော့ မဟုတ်ဘူး ။ အရင်က ကျွန်မခုလိုလမ်းလျှောက်သွားရတာ မဟုတ်ဘူး လေ။ ဘယ်သွားသွားကားနဲ့ "

"အခုကျတော့ရော"

"အခုကျတော့ ဖေဖေစီးပွားတွေရှုံး၊ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး အိပ်ရာပေါ်လဲနေတာနဲ့ မေမေကြီးက ကားတွေရောင်း၊ ဒရိုင်ဘာတွေဖြု

တ်၊ အိမ်အကူတွေဖြုတ်"

"သူ့သားသမီးတွေကျတော့ ကားတဝီဝီနဲ့ ပါ"

"ရှင်ကလည်း ရောက်တာ (၁၄)ရက်ရှိသေး သတင်းကတိကျလှချည်လား"

"သူများ တွေ ပြောပြတာပါ။ ယွန်းကိုစိတ်ဝင်စားတဲ့ သူတွေကပြောကြတာ"

"အင်း ... ဈေးရောက်ပြီ၊ ရှင်ပြန်တော့"

"ဈေးခြင်းကူဆွဲပေးဦးမယ်။ ယွန်းက ဆွဲနိုင်လို့ လား"

"ဆွဲရမှာ ပဲလေ။ အဲဒါကျွန်မအလုပ်"

"ကျွန်တော့်အလုပ်ကလည်း ယွန်းကိုဆွဲခြင်းကူဆွဲပေးရမှာ ပဲလေ"

"ဒါဆိုလည်း ကျွန်မဆိုက်ကားစီးသွားလိုက်မယ်"

"ဆိုက်ကားခငါးရာ၊ တစ်ထောင်လည်း ယွန်းသုံးခွင့်မရှိပါဘူး။ ပြီးတော့ ... ဆိုက်ကားသမားတွေကိုလည်း စိတ်မချဘူး"

"အလို ... နေရင်းထိုင်ရင်း ကျွန်မမှာ အဖေတစ်ယောက်တိုးနေရပါလား"

"အစ်ကိုနေရာလောက်ပေးလည်း တော်ပါပြီ။ စောင့်နေမယ်"

သူကပြောပြီး ... ဈေးဝရိုစာအုပ်ဆိုင်တစ်ဆိုင်သို့ဝင်သွားလျှင် ရွှေယွန်းမှီဈေးထဲသို့ ဝင်ခဲ့ရင်းတွေးမိ၏။ အခြားယောကျ်ားတွေလို လက်ဖက်ရည်ဆိုင်မဝင်၊ ဘီယာဆိုင်မဝင်၊ ဂိမ်းဆိုင်မဝင်ဘဲ စာအုပ်ဆိုင်ဝင်တယ်ဆိုတော့ ရှားပါးပစ္စည်းလား။

ဈေးထဲမှာ ဝယ်စရာရှိတာတွေ အမြန်ဆုံးဝယ်ရင်းသူမဈေးထဲမှ ပြန်

ထွက်တော့ ဆွဲခြင်းကလည်း လေး၊ ဒီဘက်လက်ထဲမှာ လည်း အထုပ်တွေ၊ အိတ်တွေနှင့်။

စပ်အိုက်ခွန်းပြောသလိုပါပဲ။ ဆိုက်ကားခ ငါးရာ၊ တစ်ထောင်လည်း ယွန်းသုံးခွင့်မရှိပါ။ အိပ်ပြန်ရောက်လျှင် ဈေးဖိုးကို အတိအကျစစ်ဆေးသည့်အပြင် လူကို မယုံသင်္ကာရှိလှသည့် မေမေကြီးသည် သူ့သားသမီးများကိုတော့ ယခုထိ ငွေကိုရေလိုသုံးစေတုန်း။

လိုင်းကားတိုးစီးဖို့ ကျတော့လည်း သိပ်ပြီးအဆင်မပြေလှပါ။ ဒီလိုပဲ ကသိကအောက်နှင့် ဘဝကိုဖြတ်သန်းနေရတာ။

"ဟော"

သူမ ဈေးဝသို့ရောက်သည် နှင့် စပ်အိုက်ခွန်းအပြေးလေးရောက်လာပြီး ဆွဲခြင်းကိုရော လက်ထဲမှ အထုပ်အပိုးများကိုပါ ဆွဲယူလိုက်တာ မိခင်ကိုပြေးကြိုသည့်သားပမာ။

ရွှေယွန်းမှီ သူ့ကိုရှုပ်ခနဲကြည့်လိုက်ရသည် ။ ဂျင်းဘောင်းဘီနဲ့ တီရှပ်မီးခိုးရောင်လောက်သာ ဝတ်ထားပေမဲ့ အသွေးအမွေး သန့်ပါသည် ။

"ရှင့်အချိန်တွေ အလဟဿဖြစ်ကုန်ပြီ"

"ရပါတယ်ဗျာ ၊ ကောင်းမှုတစ်ခုလုပ်နေတာပဲ"

"စကားလုံးကလည်း ကြီးကျယ်ပ့ါ"

သူပြုံးလိုက်တော့ သူ့မျက်နှာကပိုပြီး ငယ်နုသွားသလို။ ရွှေယွန်းမှီ မရည်ရွယ်ပါဘဲ သူနှင့်အတူ သွားနေမိပြီ။ ကိုယ်သက်သာသည့်အပြင် သူကလည်း နှောင့်ယှက်သူမဟုတ်ဘဲ ကူညီနေသူမို့။

သူကလည်း ကပိုကရိုလေးနှင့်ပင် ကြည့်လို့ ကောင်းနေသည့် ရွှေယွ

န်းမှီကို သမာဓိပိုးနှင့် ကြည့်နေမြင်နေရပါသည်။

ရယ်ဒီမိတ်အင်္ကျီအဝါနုလေးက အထပ်လေးတွေနှင့်မို့ရင်အလှကို ဖုံးကွယ်ထားပေမဲ့ မို့မို့မောက်မောက်။ နောက်လုံချည်အရောင်ရင့်လေးဝတ်ထားပေမဲ့ လုံးဝန်းသောတင်နှင့် ပေါင်တံအလှတွေက လုံချည်အပျော့သားအောက်မှာ ရိုးတိုးရိပ်တိပ်။

"လူတစ်ယောက်က ကိုယ့်ညီမလည်း မဟုတ်ဘဲနဲ့ လိုက်ပြီးစောင့်ရှောက်တယ်ဆိုတာ ကျွန်မရာဇဝင်မှာ မကြားဖူးဘူး၊ ကျွန်မရဲ့ အစ်ကိုအရင်းတောင်မှ ကျွန်မကိုတစ်ခါမှ စိတ်မပူဘူး"

"သူကသူလေ၊ ကျွန်တော်ကတော့ ရွှေယွန်းမှီကိုစိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူး။ မိဘတွေအတွက် အားကိုးရတဲ့ သမီးအလိမ္မာလေးမို့ မြင်ကတည်းက စေတနာရှိတယ်ဗျာ။ နောက် ရွှေယွန်းမှီရဲ့ ဘိုင်အိုဂရပ်ဖီကိုသိလာရတော့ ပိုပြီးစေတနာထားမိတယ်"

"ကျွန်မကို စေတနာနဲ့ စောင့်ရှောက်ပေးနေတယ်ဆိုတာ ယုံရခက်ခက်ပဲ"

"အချိန်က စကားပြောသွားမှာ ပါ။ ရွှေယွန်းမှီ စိတ်အနှောင့်အယှက်ဖြစ်မယ့်ကိစ္စ ကျွန်တော် ဘာတစ်ခုမှ မလုပ်ပါဘူး"

"ဒါဆိုလည်း ကျေးဇူးတင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ရှင်ဘေးကပါနေတော့ အနှောင့်အယှက်တွေကင်းသွားတာတော့ အမှန်ပဲ။ ရှင့်ဗလကြီးကလည်း ကြောက်စရာကိုး"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကိုယ်က ဆင်ပြောင်ငါးစီးအားမာန်ကြီးတဲ့ လူ။ မြင်းသည် တော် ငါးသိန်းနဲ့ ညီမျှတဲ့ လူ"

"ရာဇဝင်ထဲကလူပေါ့"

"ဟုတ်တယ်၊ ထိပ်ထားလေးကို အပါးတော်ကနေ စောင့်ရှောက်ပေးနေမယ့် ငယ်ကျွန်ကြီးပါ ဘုရား"

"တော်တော်ကြောင်တဲ့ လူ"

အိမ်ရောက်ပြီမို့ သူ့လက်ထဲမှ ဆွဲခြင်းနှင့်အထုပ်အပိုးများကို ဆွဲယူပြီး ရွှေယွန်းမှီအိမ်ထဲသို့ ခြံတံခါးဖွင့်ကာ ဝင်သွားခဲ့လျှင်။

စပ်အိုက်ခွန်း အပြုံးမျက်နှာနှင့်ကျန်ခဲ့ရသည် ။

ချစ်စံအိမ်ထဲက ရွှေအိမ်စံမင်းသမီးလေးရယ်။ အဲလေ အိမ်နိမ့်စံ မင်းသမီးလေးရယ်။

***

## အခန်း(၂)

စပ်အိုက်ခွန်း။

တောင်ပေါ်ကရှမ်းလေး လျှော်ထမ်းလို့ လာ၊ ရှည်တဲ့ လျှော်ကရှည်၊ တိုတဲ့ လျှော်ကတို ... ဆိုသလိုပါပဲ။

မိခင်နောက်အိမ်ထောင်ပြုလို့ မကျေနပ်သောကြောင့် ဖခင်ရဲ့ အစ်ကိုကြီးဆီ ဆင်းလာခဲ့တာပါ။ သူကလည်း စက်မှုဘွဲ့ရတစ်ယောက်မို့ ဘကြီးရဲ့ ဝပ်ရှော့မှာ အတော်ပါပဲ။

သူက ရှမ်းဗမာကပြားလေး။ အဖေဗမာ၊ အမေရှမ်းပေါ့။ ကျောက်မဲမှာ မွေး၊ ကျောက်မဲမှာ ပဲကြီးခဲ့သူမို့ ပုံစံကရှမ်းဟန်အပြည့်။ ဒါပေမဲ့ စကားတော့မဝဲပါ ။

သူရောက်ကတည်းက ဝပ်ရှော့ကကောင်လေးတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတာ ရွှေယွန်းမှီဆိုတဲ့ ကောင်မလေး။

သူ့အသက်က နှစ်ဆယ့်နှစ်မို့ ကောင်မလေးထက် ၃-၄ နှစ်ကြီးနိုင်ပေမဲ့ ကောင်မလေးရဲ့ ပုံစံက နုနုဖတ်ဖတ်။

ရိုးသားမှုနှင့်ဖြူစင်မှုကြောင့် သူမရုပ်က ကလေးရုပ်သာသာ။

ဖြူစင်ဝင်းနှစ်သည့် အသားရေနှင့်ပြည့်ဖြိုးသွယ်လှသည့် ကိုယ်ဟန်က ကမ္ဘာကျော်မော်ဒယ်တစ်ယောက်လို။

ဒါတောင် ကောင်မလေးက သူ့အလှအပကို အမြဲဖုံးကွယ်ထားခဲ့တာ။ ဒီကြားထဲက သကောင့်သားတွေ မြင်ဖြစ်အောင်မြင်ကြတာ။

ချောမောလှပသည့်ရုပ်ကလေးကလည်း ဆွဲဆောင်မှုအပြည့်။ မျက်ခုံးလေးတွေက စင်ရော်တောင်။ မျက်လုံးလေးတွေက ဟိမဝန္တာအထက်က စမ်းရေအိုင်ကြီးတွေလို ပြာလဲ့လို့ ။

နှာတံလေးရှူရှူတင်ထားပုံနှင့် နှုတ်ခမ်းလေးနုထွေးကာ နှင်းဆီဖူးလေးလို လှပပုံကအစ။ သူများ တွေထက် သူပိုမြင်သည် ။

စပ်အိုက်ခွန်းဆိုတာလည်း ဘယ်မှာ နေနေ စူပါမန်း အဲလေ စူပါကင်းပါပဲ။ သို့သော် အိုက်ခွန်းဆိုတာ အချစ်နှင့်စိမ်းသက်လွန်းသည် ။

မိဘတွေက အိမ်ထောင်ရေးအဆင်မပြေဖြစ်ကာ သူတစ်လူငါတစ်မင်းနှင့် ထင်တိုင်းကြဲနေကြတာမို့ သူ့ရင်မှာ အချစ်ဆိုတာ လုံးဝမယုံကြည်ခဲ့။

အလကား အပိုအလုပ်တွေ။

Sex ဆိုတာကရော၊ ဒါ ... တိရစ္ဆာန်တွေရဲ့ အလုပ်။

ကမ္ဘာဦးအစကတည်းက မစားကောင်းတဲ့ အသီးကို စားကြည့်ကြလို့ လောကကြီး ညစ်ထေးသွားခဲ့တာ။

မစားကောင်းတဲ့ အသီး။

တားမြစ်ထားတဲ့ သစ်သီးကို မစားဘဲနေရင် ဘာပြဿနာမှ မရှိ။

ဒီလို ဒီလို စံလွဲအတွေးတွေနှင့် ကျောင်းမှာ အားကစားသာ ဖိလုပ်သူ ။

မောင်ပြိုင်ပွဲဆိုလည်း အိုက်ခွန်း ပထမ။

ရေကူးဆိုလည်း အိုက်ခွန်းပဲ။ ကရာတေး ဂျူဒို အားကစားမှန်ရင် သူ မပါတာမရှိ။

ဒီတော့ ဆင်ပြောင်ငါးစီးအားမာန်ကြီးပြီး ကျားကိုးသီးစားလို့ မကုန် သည့် ကိုယ်ခန္ဓာကြီးကို သူပိုင်ဆိုင်ခဲ့ရ။

အင်း ... ဒီကြားထဲ အမနာပတွေလည်း အပြောခံခဲ့ရသေး။

ဘာတဲ့ ... အိုက်ခွန်းဆိုတာ အခြောက်ကြီးတဲ့ ။ ဒါကြောင့် ဆန့်ကျင် ဖက်လိင်ကို စိတ်မဝင်စားတာတဲ့ ။

သွားစမ်းပါ။ နားထားလိုက်။

အိုက်ခွန်းဟာ သူငယ်ချင်းတရုန်းရုန်းနှင့်မို့ လိင်တူခြင်းမှ စိတ်ဝင် စားသူတဲ့ ။ ပြောရက်လိုက်ကြတာ။

အဲဒီလိုအိုက်ခွန်းက ရန်ကုန်ရောက်မှ သူ့နားထဲမှာ ကြားရ၊ သူ့မျက်စိ ရှေ့မှာ မဖွယ်မရာမြင်နေရတဲ့ ဒုက္ခသည် လေးကို သံယောဇဉ်တွယ်မိ၊ သနားမိခဲ့ရ။

"ဘကြီး ... ကျွန်တော့်ကို မနက်(၈)နာရီကနေ (၁၀)နာရီထိ off ပေး ပါ"

"ဟေ ... မင်းကအလုပ်တောင်မလုပ်ရသေးဘူး၊ off ကအရင်တောင်းတာပဲ။ ဘာလုပ်မလို့ လဲကွ"

ဘကြီးဟာ သားသမီးမရှိသူမို့ အိုက်ခွန်းကိုသားတစ်ယောက်လို ချစ် သည် ။ ဘကြီးရဲ့ မိန်းမ ဒေါ်လှသဥ္စာကလည်း သူ့ကိုချစ်တာပါပဲ။ ခုလ ည်း ချစ်စနိုးနှင့်မေးနေတာ။ Breakfast စားနေရင်း ထမင်းစားပွဲမှာ ။

"ဟာ ... ဘကြီးမသိပါဘူး။ သားမျက်စိထဲမှာ အမြင်မတော်တာလေးတွေ ရှင်းပေးမလို့ "

"အားရိုရို ... ရောက်တာမှ မကြာသေးဘူး ရန်တွေဘာတွေတော့ မဖြစ်ပါနဲ့ သားရယ်။ ဘကြီးအလုပ်က အများ နဲ့ ဆက်ဆံရတာဆိုတော့ လူတွေနဲ့ သင့်မြတ်အောင်နေရတယ်ကွ"

"ဟာ ... ဘကြီးအလုပ်နဲ့ မသက်ဆိုင်ပါဘူး။ ဟိုဘက်လမ်းအတွင်းထဲက လျှောက်လာတဲ့ ကောင်မလေးကို ဘကြီးသိလား။ ဟို ... ချစ်စံအိမ်ကလေ"

"အောင်မလေး သားရယ်၊ အဲဒီအိမ်ကလူတွေက ရှုပ်ရှုပ်ယှက်ယှက်တွေပါ။ ဦးကျော်ခေါင်ဆိုတဲ့ လူက မိန်းမ(၂)ယောက်လုံး အိမ်ပေါ်တင်ထားတာ။ တကယ်မျက်နှာပြောင်တယ်"

ဒါကတော့ ဘကြီးရဲ့ မိန်းမအန်တီလှရဲ့ စကား။ မိန်းမဆိုတာ ယောက်ျားတွေထက် သူများ အကြောင်း ပိုသိသည် ထင်ပ့ါ။ သူနားထောင်ကြည့်လိုက်သည် ။

"မယားကြီးနဲ့ က သား၊ သမီး (၂)ယောက်။ မယားငယ်နဲ့ က သမီးတစ်ယောက်။ အစကတော့ အားလုံး ကားတဝီဝီနဲ့ ။ ရပ်ကွက်ထဲကလူတွေနဲ့ မတူမတန်သလို နေကြတာ။ ခုကျမှ ဦးကျော်ခေါင် စီးပွားရေးပြုတ်ကျပြီး နလန်မထူဖြစ်တော့ ဖရိုဖရဲတွေ ဖြစ်နေကြတာ"

"ဘယ်လို ဖရိုဖရဲလဲ အန်တီရဲ့ "

"ကားတွေလည်း အစက ၃-၄ စီးရှိတာ။ ခုတော့ (၁)စီးပဲ ထားနိုင်တော့တယ်။ မယားကြီးနဲ့ သားသမီးတွေ လုစီးနေကြတာဆိုတော့ အငယ်နဲ့ ရတဲ့ ကောင်မလေးက ခြေလျင်ပဲလျှောက်သွားနေရတယ်။ ရပ်ကွ

က်ထဲကကောင်တွေက ခုမှ အငြိုးနဲ့ လိုက်နေကြတာ။ ရွှေဘုံစံတွေ အောက်ပြုတ်ကျလာတော့ အောက်ကခွေးတွေ ဝိုင်းလုကြတာပေ့ါလေ"

"ဟာ ... အန်တီကလည်း ဗျာ။ အဲဒီကောင်မလေးက သူ့အဖေကိုပြုစု ၊ သူ့အမေကို ကူညီနေရတာပါတဲ့ "

ရွှေယွန်းမှီဘက်က သူထုချေလွှာတင်၊ အယူခံဝင်နေလျှင် ဘကြီးကတော့ ခေါင်းတညိတ်ညိတ်။ စကားစစ်ပွဲက သူနှင့်အန်တီလှ။

"ဟဲ့ သားရဲ့ ... မင်း ဘုမသိဘမသိနဲ့ ရမ်းပြီးသနားမနေနဲ့ ။ သူများ မယားငယ် လာလုပ်မှ တော့ မယားကြီးနိုင်စားတာ ခံရတော့မှာ ပေ့ါ။ ခုကျဦးကျော်ခေါင် အိပ်ရာပေါ်လဲနေပြီဆိုတော့ မယားကြီးဖြစ်တဲ့ ခင်ခင်သူက အိမ်မှာ ဗိုလ်ပေ့ါ။ မယားငယ်သားအမိကို ခိုင်းစားနေပြီလေ။ အိမ်အကူတွေ အကုန်ဖြုတ်ပစ်ပြီး သူတို့ သားအမိကိုပဲ ခိုင်းနေတာ"

"အန်တီက ဘယ်သူနဲ့ ခင်တာလဲ"

"ခင်ခင်သူနဲ့ သူငယ်ချင်းလေ"

"ဒါကြောင့်ကိုး"

အိုက်ခွန်းသဘောပေါက်သွားပြီ။ ဒါကြောင့်အန်တီ့အသံက သနားရမယ့်သူကို မသနားဘဲ ဗိုလ်လုပ်နေတဲ့ အုပ်စုဘက်ကအသံထွက်နေတာ။

"သားနော် ... အဲဒီကောင်မလေးကိုများ ယောင်လို့ တောင် သွားမပတ်သတ်လိုက်ပါနဲ့ ။ သူတို့ သားအမိတွေက လွယ်တာ မဟုတ်ဘူး ။ ခင်ခင်သူတုန်းကလည်း ဒုက္ခသည် မလေးမို့ သနားပြီး အိမ်ပေါ်တင်ထားမိလိုက်တာ။ နောက်ဆုံးကျကိုယ့်ယောက်ျားပါ ကြောင်တောင်နိုက်သွားပါလေရော"

ကြားရတာ တစ်စက်မှ သာယာနာပျော်ဖွယ်မရှိ။ အင်းလေ ... လက်

တစ်ခုထဲကိုပဲ အန်တီက လက်ဖမိုးဘက်ကမြင်ပြီး သူက လက်ဖဝါးဘက်က မြင်တာကိုး။

အယူအဆတွေ ဘယ်တူပဲ့မလဲ။

"ကဲပါ မိန်းမရယ် ... ငါ့သားမှာ ဦးနှောက်ရှိပါတယ်။ သူစိတ်ချမ်းသာအောင်လည်း လိုက်လျောဦးမှ ကွ။ သူ့ခမျာ စိတ်ညစ်လို့ ရှမ်းတောင်တန်းပေါ်က ဆင်းလာပါတယ်။ မြေပြန့်ကျတော့လည်း ထပ်ပြီးစိတ်ညစ်နေရရင် မကောင်းပါဘူး။ ကဲ ... ကဲ ... သားတောင်းတဲ့ off ကိုပေးတယ်နော်။ ကျန်တဲ့ အချိန်ကျ ဝပ်ရှော့လုပ်ငန်းထဲ ဝင်ပေါ့ကွာ။ ဘကြီးက အသက်ကြီးပြီ။ ဒီလုပ်ငန်းတွေကို စိတ်ချရတဲ့ လက်ထဲ လွှဲခဲ့ချင်ပြီ။ သားလေ့လာထား"

"ဟုတ်ကဲ့ပါ ဘကြီး။ မနက်ပိုင်းလေးပါဗျာ။ နောက်ဘယ်မှ မထွက်ပါဘူး"

"ထွက်သင့်ရင်လည်း ထွက်ရမှာ ပေါ့ကွာ။ ဘကြီး သားကိုမချုပ်ချယ်ပါဘူး"

"အန်တီကတော့ ချုပ်ချယ်မှာ နော်။ မဖြစ်သင့်တာ မဖြစ်အောင်"

"အန်တီကလည်း ဗျာ ... သား ဂရက်ကျူရိတ်(ဘွဲ့ရ) တစ်ယောက်ပါဗျ"

"စက်မှုဘွဲ့ရကြီးပေမဲ့ အချစ်ရေးကျ မူကြိုတောင်မတတ်သေးလို့ စိတ်ပူတယ်ဟဲ့"

"အန်တီကလည်း အထင်သေးလို့ ဗျာ"

"ကြည့်ရသေးတာပေါ့"

အန်တီလှ၏ ချစ်မျက်စောင်းနှင့် ဘကြီးဦးဗအောင်၏ ချစ်စနိုးရယ်သံတွေကြားမှာ စပ်အိုက်ခွန်းတစ်ယောက် ရှက်နေမိတာတော့အမှန်။

***

# အခန်း(၃)

ဦးကျော်ခေါင်ဟာ နန်းကျဘုရင်ကြီးလား။

သူ မင်းပျိုမင်းလွင်ဘဝတုန်းကတော့ နေမဝင်အင်ပါယာကြီးကို သူ့လက်ရုံးနှင့် တည်ဆောက်နိုင်ခဲ့ပေမဲ့ ယခုကျသူ့ဘဝ နေဝင်ခဲ့ပြီလား။

အဲဒီအခါ သူ့ရဲ့ နံဘေးမှာ အမြဲတွေ့နေရတာ သူမတရားသိမ်းပိုက်ခဲ့ဖူးတဲ့ ကျော့ကေခိုင်ဆိုတဲ့ မိန်းမနှင့် ရွှေယွန်းမှီဆိုသည့် သမီးငယ်လေးတို့ သာ။

သူ ခေတ်ကောင်းစဉ်တစ်လျှောက်လုံးလည်း သူ့မြေဆီသြဇာတွေကို စားသုံးပြီး ကြီးချင်တိုင်းကြီး၊ ရမ်းချင်တိုင်းရမ်းခဲ့သည့် မယားကြီးခင်ခင်သူနှင့် သားကျော်ထက်သူ၊ သမီးမြတ်သီရိသူတို့ ဟာ ယခုလည်း သူ့အပေါ်နားလည်မှုမရှိဘဲ ထင်တိုင်းကြဲလို့ ။

စီးပွားရေးချွတ်ခြုံကျခဲ့ပြီဆိုပေမဲ့ သူ့မှာ ပိုင်ဆိုင်မှုတွေကတော့ ရှိနေဆဲ။

အနည်းဆုံးလက်ရှိနေသည့်ခြံနှင့်အိမ်။ ခေတ်ကာလပေါက်ဈေးအရ သိန်းဂဏန်းသောင်းနား ကပ်နေသည့်အိမ်။

နောက် ကား (၃)စီး။ တိုက်ခန်း(၁)ခန်း။ ဆင်ပိန်ကျွဲဆိုသလို သူ့ငွေကြီးဆင်းရဲတော့လည်း သူကြွယ်တော့ ဖြစ်နေမြဲ။

ဒါကို ခင်ခင်သူ လက်ဝါးကြီးအုပ်ပြီး အိပ်ရာပေါ်မှာ စကားမပြောနိုင်၊ ခြေလက်မလှုပ်နိုင်တော့သည့် ဦးကျော်ခေါင်ကို လုံးဝအရေးမလုပ်လေတော့ရာ။

ကျော့ကေခိုင်နှင့်ရွှေယွန်းမှီတို့ သာ သူ့ဘဝနေဝင်ချိန်ရဲ့ ဆည်းဆာလေးတွေပါ။

ကျော့ကေခိုင်ဟာ ခင်ခင်သူရဲ့ ငယ်နိုင်။

ဦးကျော်ခေါင် အသက်လေးဆယ်အရွယ်လောက်က ခင်ခင်သူက သူ့မြို့မှ ဒုက္ခသည် လေးတစ်ယောက်ကို ခိုင်းဖို့ ခေါ်လာခဲ့တာ။ ကျော့ကေခိုင်ဆိုသည့် မျက်နှာငယ်မလေးကိုပါ။

"မောင်ရေ ... ဒီမှာ ခင်မြို့ကိုအလည်ပြန်ရင်း မေမေတို့ ရပ်ကွက်ထဲက ကောင်မလေးတစ်ယောက် ခေါ်လာတယ်။ ကိုယ်လည်း ခိုင်းရ၊ သူလည်း အဆင်ပြေအောင်ပေါ့။ ကောင်မလေးက မိမဲ့ဖမဲ့လေးလေ။ အစ်မတစ်ဝမ်းကွဲအိမ်မှာ ကပ်နေရတာ။ သူ့အစ်မယောက်ျားက အမူးသမားဆိုတော့ သိတယ်မလား။ ကြာလာရင် ကောင်မလေးဘဝ ရေစုန်မျောလိမ့်မယ်။ ဒါကြောင့် ... ခင်ခေါ်လာခဲ့တာ"

သူကရော ဘာများ ပြောစရာရှိမှာ တဲ့ လဲ။ သူ့အိမ်ဟာ ဒုက္ခသည် တစ်ယောက်မက အယောက်(၁၀၀)လောက်လည်း အေးဆေးကျွေးနိုင်လေရာ။

သနားစဖွယ်မိန်းကလေးကို သူကန့်ကွက်စရာမရှိ။ ဒီလိုနှင့် ကောင်မလေးအိမ်ရောက်လာတာ (၁)နှစ်လောက်ကြာလာတော့ ခေါ်လာစက ပိန်ပိန်ခြောက်ခြောက် ကောင်မလေးဟာ တဖြည်းဖြည်းနှင့် တသွေးတမွေး အလှကြီးလှလာခဲ့သလို ခင်ခင်သူရဲ့ မတရားဖိနှိပ်ချုပ်ချယ်မှုအောက်မှာ အလွန်အင်မတန်သနားစရာလည်းကောင်းနေသည် ။ ကြည့်ပါ ...

အခြားအိမ်အကူများကို တစ်လ (၅)သောင်း ၊ (၆)သောင်းပေးရသော်လည်း ကျော့ကေခိုင်ကိုတော့ တစ်ပြားမှ မပေးခဲ့။

သင့်တင့်သော အဝတ်အစားလေးလောက်၊ နားမှာ နားကပ်လေးလောက်သာ ဆင်ယင်ထားပြီး အလကားခိုင်းနေခဲ့သည် ။ ပါးစပ်ကတော့ မိုးလားကဲလား။

"ကျော့ကေခိုင်က ခင်မွေးထားတာလေ။ ဟင်းဟင်း ... အိမ်ကတော့ ဘာလုံသလဲမမေးနဲ့ ။ အိမ်အကူ ၃-၄ယောက်လောက် အလုပ်ကို သူတစ်ယောက်တည်း လုပ်နိုင်တယ်။ အရမ်းအားကိုးရတာ"

အသက်(၁၈)နှစ်အရွယ် အပျိုမလေးကို မြှောက်ခိုင်းနေတာလား။ အလကား ခိုင်းနေတာကတော့ အသေအချာ။

ပွဲလမ်းသဘင်ရှိလျှင် အဝတ်အစားလေး ဝယ်ပေး၊ ရွှေတိုရွှေစလေးဆင်။ ဒီလောက်နှင့်ပင် ခင် ကျော့ကေခိုင်ကို တစ်သက်လုံး ခိုင်းစားတော့မည့်အဆင်။

အစက အမှတ်တမဲ့နေပေမဲ့ ယခုတလော ဦးကျော်ခေါင်မျက်စိထဲမှ ကျော့ကေခိုင်ကိုပဲ အထူးသနား၊ အထူးချစ်ခင်နှစ်လိုနေမိတာလည်း ဘာကြောင့်မသိ။

ခါတိုင်းလို ပြင်ပမှာ တောင် အပျော်မရှာမိတော့။ ကာရာအိုကေတွေ၊ မာဆတ်တွေဘက် ခြေဦးမလှည့်တော့။ သူ့အာရုံက ကိုယ့်အိမ်ထဲမှာ ။

တစ်နေ့ -

မိုးတွေ အုန်းအုန်းဒိုင်းဒိုင်းရွာနေသည့် မိုးနေ့တစ်နေ့။ ဦးကျော်ခေါင် ခရီး(၃)ရက်ထွက်ရာမှ ပြန်လာသည့်နေ့။

သူ့ကားကို ဟွန်းတီးလိုက်တော့ ခြံတံခါးလာဖွင့်ပေးတာ ကျော့ကေ

ခိုင်။

ထီးလေးဆောင်းပြီး အပြေးလေးတံခါးလာဖွင့်ပေးပေမဲ့ သူမမျက်နှာလေးက ညှိုးညှိုးငယ်ငယ်။ သူ့ရင်ထဲမှာ နင့်သွားခဲ့ရသလို။

သူ့ကားဆင်ဝင်အောက်မှာ ရပ်တော့ ခြံတံခါးပြန်ပိတ်နေသည့် ကောင်မလေးကို သူမြင်နေရသည် ။ ကားတံခါးဖွင့်ဆင်းရင် ကျော့ကေခိုင်ကို သူစောင့်နေမိသည် ။

အိမ်ထဲက ဘယ်သူမှ ထွက်မလာပုံထောက်တော့ တစ်အိမ်လုံး အပြင်သွားနေကြတာပင်ဖြစ်ရမည်။ ခင်ခင်သူဟာ ယောက်ျားကိုလည်း မပြုစု။ သားသမီးများကိုလည်း ပြုစုဖို့ မဆုံးမ။ သူ့ကို အိမ်အကူတွေနှင့်သာ ထိုးထားတတ်သူ။

လောလောဆယ်တော့ ခင် ထိုးထားတာ ကျော့ကေခိုင်နှင့်ပေါ့။

မိုးရွာထဲမှာ အပြေးလေးလှမ်းလာပေမဲ့ ထီးကလေးလွင့်သွားတာမို့ သူကလေးစိုရွှဲသွားလေပြီ။ မိုးသည်းသည်းအောက်မှာ ကောင်မလေးရဲ့ အလှက ကမ္ဘာကျော် ကျောက်ဆစ်ရုပ်နယ်။

သူ ကားနားမှာ ရပ်စောင့်နေတာမြင်တော့ ကျော့ကေခိုင်နားမလည်သလို မော့ကြည့်ရင်း သူပါလာသည့် ပစ္စည်းများကို ကူချသယ်ဖို့ ကြိုးစားသည် ။

"ခင်ခင်သူရော"

"မမကြီး အပြင်သွားပါတယ်ရှင့်"

"ကလေးတွေရော"

"ကျောင်းသွားပါတယ်ရှင့်"

"ခင့်ကို မမကြီးလို့ ခေါ်ရင် ကိုယ့်ကိုလည်း ကိုကိုကြီးလို့ ခေါ်သင့်တာပေ့ါ"

"ရှင်"

ကောင်မလေးဟာ သူ့ကိုဆို မော့လည်း မကြည့် ဘယ်လိုမှ လည်း မခေါ်ဘဲ လိုအပ်တာ လုပ်ကိုင်ပေးသူပါ။

သူ ဧည့်ခန်းကိုဖြတ်ကျော်ပြီး အိပ်ခန်းထဲထိ တောက်လျှောက်သွားလိုက်သည် ။ အိမ်မှာ အိမ်အကူ(၂)ယောက်ရှိသေးပေမဲ့ ဈေးသွားနေကြသလား၊ မီးဖိုထဲမှာ ပဲ အလုပ်ရှိနေသလားမသိ။ တစ်အိမ်လုံး တိတ်ဆိတ်နေသည့်ကြားထဲ မိုးသည်းနေသည့်နေ့တစ်နေ့မို့ လောကတစ်ခွင်လုံး မည်းမည်းမှောင်မှောင်။

ကျော်ခေါင်ဆိုတာလည်း တကယ့်သူတော်ကောင်း၊ ခြောက်ပစ်ကင်းသဲလဲစင်တစ်ယောက်မဟုတ်။ အပြစ်တွေ ဗရပွနှင့် ညစ်ထေးနေသည့် ပုထုဇဉ်လူသားတစ်ဦး။ ဒီတော့ ဆူပွက်လာသည့် ရင်ထဲမှ ဆန္ဒအရ သူ -

"ကျော့ကေခိုင် ... ကိုယ့်ကိုလာကူပါဦး"

ကောင်မလေး မရွံ့မရဲနှင့် အခန်းဝမှာ ပေါ် လာပြီး -

"ကျွန်မ အဝတ်သွားလဲပါရစေဦး"

"ကိုယ် ကလေးဖို့ အဝတ်အစားတွေ ဝယ်လာတယ်၊ ဒီမှာ လာကြည့်ဦး၊ အဲဒီတစ်ထည်ထည်ကို လဲလိုက်"

"မမကြီး ... ဆူနေပါဦးမယ်ရှင့်။ သူ့ကိုပဲပေးလိုက်ပါ"

"ဟ ... သူ့ဗလဝတုတ်ကြီးနဲ့ ကိုယ်ဝယ်လာတဲ့ အဝတ်အစားသေးသေးလေးတွေ ဘယ်လိုလုပ်တော်မလဲ။ လာရော့ ... အဝတ်တွေယူ။ ဟို

ဘေးခန်းထဲမှာ မြန်မြန်လဲ။ ကိုယ့်ကိုအဝတ်လဲဖို့ ထုတ်ပေးပါဦး"

"ဟုတ် ... ဟုတ်ကဲ့ပါရှင့်"

သူကမ်းပေးသည့် အဝတ်အိတ်ကိုယူကာ ကျော့ကေခိုင်အဝတ်လဲဖို့ အခန်းပိုထဲသို့ ဝင်သွားပြီး အဝတ်စိုတွေ ချွတ်လိုက်သည် ။

လုံချည်ရင်လျားနှင့်ပေ့ါ။ ရေစိုနေသည့်ခေါင်းကို မျက်နှာသုတ်စောင်လေးတစ်ခုနှင့် သုတ်ဖို့ ကိုယ့်အခန်းကိုပြန်ယူရန် သူမနောက်သို့လှည့်လိုက်လျှင် ...

အခန်းထဲသို့ ဦးကျော်ခေါင်ဝင် လာပြီး တံခါးပိတ်လိုက်သဖြင့် ကျော့ကေခိုင် မျက်စိတွေ ပြာသွားရသည် ။

"ဦး ... ဦးလေး"

ကိုယ်ဟာသူတို့ အိမ်က အစေအပါးပေမဲ့ ကိုယ့်ဘဝကို ထိုးကျွေးဖို့အထိတော့ ကျော့ကေခိုင် သဘောမကောင်းနိုင်ပါ။

"ကလေးကို ကိုကိုကြီးဆွေးနွေးစရာရှိတယ်"

သူက အသက်လေးဆယ်။ ကျော့ကေခိုင်က လွန်ရှိနှစ်ဆယ်။

သူကလည်း နွားငတ်ရေကျပုံမျိုးတော့မဟုတ်။ အခန်းပိုထဲမှာ ခုတင်တွေ၊ အိပ်ရာတွေရှိနေတာကတော့ ဒီအခန်းဟာ ဧည့်သည် များ တည်းခိုသည် မို့ပါ။

"လာပါဦး ... ထိုင်၊ ဒီမှာ ထိုင်"

"ဟင့်အင်း ... ကျွန်မကြောက်တယ်။ ကျွန်မကို သွားခွင့်ပြုပါ"

လုံချည်ရေစိုလေးနှင့် ကောင်မလေးခမျာ တုန်လှုပ်နေလိုက်တာ ငှက်ဖျားတက်နေသလို။

"မကြောက်ပါနဲ့ ကွာ။ ကိုကိုကြီးက ကလေးကိုအရမ်းသနားတယ်။ ခင် မတရားလုပ်နေတာလည်း မကြည့်ရက်ဘူး"

"ဟင့်အင်း ... မသနားပါနဲ့ ရှင် မသနားပါနဲ့ "

သူတို့ သနားမှာ ကျော့ကေခိုင်မခံနိုင်။ ကိုယ့်ဘဝဟာတွင်းဆုံးကျ တော့မှာ လား။ အိမ်ထောင်ရှင်အမျိုးသားတစ်ယောက်ဟာ ဘာသဘော နဲ့ မိန်းမငယ်လေးတစ်ယောက်ကို သနားရဦးမှာ လဲ။

"ကိုကိုကြီးကတော့ သနားတာပဲ။ ကလေးကိုချစ်လည်း ချစ်တယ်။ ကလေးကို ကိုကိုကြီး ကြောရုံကြံမှာ မဟုတ်ပါဘူး။ အိမ်တစ်ဆောင် မီး တစ်ပြောင်နဲ့ ကိုထားမှာ ပါ။ ဒီအိမ်မှာ မထားပါဘူး"

သူက ပြောပြောဆိုဆိုနှင့်ကောင်မလေးကို လှမ်းဆွဲပွေ့လိုက်လျှင် ကျော့ကေခိုင် ကြောက်လွန်းလို့ တဆတ်ဆတ်တုန်နေရှာပါသည် ။

"ဦးလေးရယ် ... ကျွန်မကိုခွင့်လွှတ်ပါ။ ကျွန်မလက်မခံပါရစေနဲ့ ။ မ မကြီးကိုကြောက်တယ်"

"မသိဘူးကွာ ... ကိုကိုကြီး ကလေးကိုချစ်တယ်။ အရမ်းချစ်တယ်။ ခင့်ကိုစိတ်ကုန်နေပြီ။ အလကားအိပ်လိုက်စားလိုက်နဲ့ လူကဝတ်ပုတ်ဖြ စ်နေပြီ။ ကိုကိုကြီးကို ယုံပါကွာ။ ကျော့ကို တစ်သက်လုံး တာဝန်ယူမှာ ပါ။ တစ်သက်လုံး ချစ်သွားမှာ ပါ"

ပြောလည်း ပြော သူမကိုလည်း ဆွဲမွှေ့ရမ်းနေသည့် ဦးကျော်ခေါင် ဟာ တောကျွမ်းသည့်မုဆိုးမို့ သမင်မလေးခမျာ မလူးသာမလွန့်သာ။

မျက်ရည်လည်ရွှဲနှင့်ပင် ဦးကျော်ခေါင်ရဲ့ လက်တွင်းသို့ သက်ဆင်းခဲ့ ရတာ။

သူကတော့ အောင်သေအောင်သားစားပြီး ရွှင်လန်းချမ်းမြေ့နေလေ

သည် ။

"ကိုကိုကြီး ကျော့ကိုအရမ်းချစ်တယ် သိလား။ တိတ်တိတ် ... ကိုယ်အမြန်ဆုံးစီစဉ်ပေးမယ်။ ကျော့ကို အိမ်သတ်သတ်၊ တိုက်ခန်းသတ်သတ်နဲ့ ထားမှာ ပါ။ လောလောဆယ်တော့ ဒီမှာ ပဲနေလိုက်ဦးနော်။ အဲ ... ညကျရင်တော့ ကျော့အခန်းတံခါး ဖွင့်ထားပေး"

"ဟင့်အင်း ... ကျွန်မကြောက်တယ်။ မမကြီးကိုကြောက်တယ်။ ဦးလေး မလာပါနဲ့ ။ ကျွန်မကို သတ်သာသတ်လိုက်ပါတော့"

ကျော့ကေခိုင် မျက်ရည်တွေနှင့်ငိုရှိုက်နေတာ မူးမေ့မတတ်ပါ။ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာဆိုသလို သူမဘဝဟာ ဒုက္ခတွေနှင့်ပဲ နပန်းလုံးရတော့မှာ လား။

"ကျော့ကလည်း ကွာ ... ကိုကိုကြီးလို့ ခေါ်ပါဆိုမှ ။ ဘယ်နှယ့် ဦးလေးလဲ။ ဘာမှ မကြောက်နဲ့ ... ကိုယ်က ခင့်ကိုကြောက်တာ မဟုတ်ဘူး ။ နားငြီးမခံနိုင်လို့ သာ အလျှော့ပေးသလိုဖြစ်ရတာ။ ကိုကိုကြီး အမြန်ဆုံးစီစဉ်ပေးမယ် ဟုတ်ပြီလား"

ဒီလိုနှင့် ဒုက္ခသည် မလေးကို သူအတင်းအပိုင်စီးခဲ့တာ။

နောက်တော့ ခင်ခင်သူက မိန်းမလည်မို့ ကျော့ကေခိုင်ကို တစ်အိုးတစ်အိမ် ထူထောင်ခွင့်မပေးဘဲ သူ့လက်ဝေခံအဖြစ်နှင့် ခွင့်ပြုထားလိုက်ရာ -

ဦးကျော်ခေါင်အဖြစ်က မယား(၂)ယောက်လုံးနှင့် တစ်အိမ်တည်းနေရသည့်အဖြစ်။

နောက် ကျော့ကေခိုင်မှာ သမီးလေးရွှေယွန်းမှီကို မွေးလာခဲ့သည် ။

မိခင်ချင်းကကွာသည် မို့ သားသမီးချင်းကလည်း မတူ။ ခင်ခင်သူက

မွေးသည့်သားသမီးတွေက ဖအေကို မလေးမစား။ မအေ့အချိုးအတိုင်း။ သူတို့ အမြင်မှာ ဦးကျော်ခေါင်က လူမှုရေးဖောက်ပြားသူ။

သူတို့ ကို ရှာဖွေကျွေးမွေးနေသည့် ကျေးဇူးရှင်ဖခင်ရယ်ဟု မမြင်။

သူတို့လိုသလို ရှာဖွေပေးရသည့် ငွေတွင်းကြီးလို့ ပဲ သဘောထားကြသည် ။

ရွှေယွန်းမှီလေးကတော့ လိမ္မာသည် ။ ဖခင်ကိုလည်း ချစ်ခင်လေးစားသည် ။ သံယောဇဉ်တွယ်သည် ။ မိခင်ကိုလည်း သနားသည် ။

ဦးကျော်ခေါင် ကျန်းမာစဉ်က အခြေအနေဒီလောက်မဆိုးသော်လည်း ယခုသူအိပ်ရာထဲ လဲသည် နှင့် အခြေအနေတွေက အဆိုးဆုံးသို့ ပြောင်းလဲခဲ့ပေပြီ။

မင်းသမီးခေါင်းဆောင်းထားသည့် ဘီလူးမတွေ။ ဘီလူးဆိုင်းတီးပြီး ဘီလူးက ကကြလေပီကော။

ကံကြမ္မာက ဘယ်လိုဖန်တီးလာဦးမလဲ။ မသိနိုင်တော့ပါချေ။

***